# ငါအိုသွာသောအခါ

ငါအိုသွားသောအခါ ငါဟာအရင်ကငါမဟုတ်ဘူး။ငါ့ကိုနားလည်ပေးပါ။
စိတ်ရှည်ရှည်ထားဆက်ဆံပေးပါ။
ချည့်နဲ့နဲ့လက်တွေနဲ့ထမင်းဟင်းတွေအင်္ကျီပေါ် ဖိတ်စင်သွားတဲ့အခါ၊အင်္ကျီ၊လုံချည်၊
ဖိုသီဖတ်သီ
ဖြစ်နေတဲ့အခါ ငါ့ကိုမရှုံ့ပါနဲ့၊ငယ်ငယ်တုန်းကငါသုတ်သင်ပေးခဲ့တာတွေကိုသတိရပေးပါ။

အပ်ကြောင်းထပ်မကပြောဘူးတဲ့စကားတွေပြန်ပြောမိတဲ့အခါစကားမဖြတ်ပဲကျေးဇူးပြုပြီးနား
ထောင်ပေးပါ။ငယ်ငယ်တုန်းကငါအိပ်ရာဝင်တိုင်းတစ်ထောင့်တစ်ညပုံပြင်တွေ၊ငါးရာ့ငါးဆယ်
နိပတ်တော်တွေ၊
ဖာတ်ကြီးဆယ်ဘွဲ့တွေစတဲ့ပုံပြင်တွေကိုမရိုးအောင်ပြောရင်းငါချော့သိပ်ခဲ့တာတွေ
ကိုသတိရပေးပါ။

မလှုပ်ရှားနိုင်လို့ရေချိုးဖို့အကူအညီလိုတဲ့အခါငါ့ကိုမငြိုငြင်ပါနဲ့၊ငယ်ငယ်တုန်းကချော့တလှည့်၊
ခြောက်တစ်လှည့်ရေချိုးပေးခဲ့ဘူးတဲ့ပုံလေးကိုပြန်မြင်ယောင်ပေးပါ။

ခေတ်သစ်နည်းပညာသစ်တွေကိုမသိနားမလည်ခဲ့ရင်မလှောင်ပါနဲ့၊
ငယ်ငယ်တုန်းက'ဘာကြောင့်'
ဆိုတဲ့မေးခွန်းတိုင်းကိုစိတ်ရှည်စွာငါပြန်ဖြေပေးခဲ့တာကိုသတိရပေးပါ။

စိတ်သွားတိုင်းကိုယ်မပါနွမ်းလျှပြီးလမ်းမလျှောက်နိုင်တဲ့အခါခွန်းအားပါတဲ့လက်တစ်စုံနဲ့ငါ့ကို
ကူတွဲပေးကြပါ။
လမ်းလျှောက်သင်စအရွယ်တုန်းကတစ်လှမ်းချင်းလမ်းလျှောက်သင်ပေးခဲ့တာတွေ
ကိုသတိရပေးပါ။

တစ်နေ့ထက်တစ်နေ့အိုစာသွားတဲ့ငါ့ကိုကြည့်ပြီးဝမ်းမနည်းပါနဲ့နားလည်ပေးပါ။အားပေးပါ။
အရင်
တုန်းကလူ့ဘဝတက်လမ်းအတွက်ငါလမ်းညွှန်ခဲ့သလိုအခုချိန်မှာငါ့ဘဝနောက်ဆုံးအချိန်အ
တွက်
အဖော်ပြုပေးပါ။ချစ်ခြင်းမေတ္တာတွေနဲ့အေးမြမှုတွေကိုငါပြုံးပြုံးလေးခံယူမှာပါ။

အဲ့ဒီအပြုံးတွေထဲ
မှာမဆုံးတဲ့ငါ့မေတ္တာတွေတွေ့ရမှာပါ။